မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
နေ့စဉ်ဈေးကွက်သတင်းလွှာ

February 14 , 2025 Volume 87, Number 9

၁၄.၂.၂၀၂၅

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = N/A |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၀၅.၀၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၆၇.၁၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၄၆.၀၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၂၃.၀၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၈၉.၂၆ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၄.၁၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၅.၉၄ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၇၂.၉၇ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၆၂.၄၅ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်အလက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၄
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.myantrade.gov.mm

## ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် မြန်မာ့ပြောင်းစတင် တင်ပို့နေပြီဖြစ်



ဖေဖော်ဝါရီ ၁ ရက်မှစတင်ကာ ထိုင်းနိုင်ငံသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် မြန်မာ့ပြောင်းစတင် တင်ပို့နေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံ၊ပြောင်းနှင့်နှမ်းကုန်သည်များအသင်းထံက သိရသည်။

ထိုင်းနိုင်ငံသို့ မြန်မာ့ပြောင်းတင်ပို့ရာ၌ဖေဖော်ဝါရီလ ၁ ရက်မှစတင်ကာ ဩဂုတ်လကုန်အထိ ၇ လ ကာလအတွင်း အခွန်ကင်းလွတ်ခွင့်ပေးထားကြောင်း သိရသည်။

ယခုနှစ်တွင် ထိုင်းနိုင်ငံသို့ အများဆုံးတင်ပို့သွားမည်ဖြစ်ပြီး ထိုင်းနိုင်ငံပြီးမှ တရုတ်၊ ဖိလစ်ပိုင်၊ ဗီယက်နမ်နှင့် ဘင်္ဂလားဒေ့ရှ် စသည့်နိုင်ငံများသို့ တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည်ယခင် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း၌ ပြောင်းတန်ချိန် ၁ ဒသမ ၁၁ သန်း တင်ပို့နိုင်ခဲ့ပြီး ယခု ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၏ ဧပြီလမှ နိုဝင်ဘာလအတွင်း၌ ပြောင်းတန်ချိန် ၁ ဒသမ ၈၈ သန်း တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၄၄၇ သန်းဖိုး တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံသည် ပြောင်းတင်ပို့မှုကို နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းအစား ရေကြောင်းကုန်သွယ်မှုဆိပ်ကမ်းများဖြစ်သည့် အလုံအပြည်ပြည်ဆိုင်ရာဆိပ်ကမ်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၊ ဆူးလေဆိပ်ကမ်း၊ ယခင်ဗိုလ်အောင်ကျော်ဆိပ်ကမ်း၊ သီလဝါဆိပ်ကမ်း၊ ရွှေမဲဆိပ်ကမ်းနှင့် မင်းထက်မင်းဆိပ်ကမ်းတို့မှ အဓိက တင်ပို့လျက် ရှိကြောင်း သိရသည်။

ထို့ပြင် ကော့သောင်းဆိပ်ကမ်းမှတစ်ဆင့် ထိုင်းနိုင်ငံရနောင်းဆိပ်ကမ်းသို့ ပင်လယ်ရေကြောင်းလမ်းဖြင့် တင်ပို့နေသည့်အပြင်ကုန်းတွင်းနယ်စပ်တာချီလိတ်မှတစ်ဆင့်လည်း တင်ပို့လျက်ရှိကြောင်း သိရသည်။

**Source :** https://www.popularmyanmar.com/

## ပဲတီစိမ်းကို အမြင့်ဈေးဖြင့် ဝယ်ယူနေ




ပြည်တွင်း ပဲတီစိမ်းဈေးကွက်မှာ တရုတ်ဝယ်လက်တွေစိတ်ဝင်စားတဲ့ ပဲတီစိမ်း ခရမ်းရွှေဝါဈေးနှုန်းမြင့်တက်နေပြီး ပိဿာ ၂၀ တစ်တင်းကို ၁၁၃,၀၀၀ ကျပ်အထိပင် ဈေးဖွင့်ဝယ်ယူမှုရှိနေတယ်လို့ တောင်သူတွေဆီကသိရပါတယ်။ ပဲတီစိမ်းခရမ်းရွှေဝါက တစ်နိုင်ငံလုံးမှာ ရန်ကုန်တိုင်းအတွင်းရှိ ခရမ်း၊ သုံးခွ၊ သန်လျင်မြို့နယ်ဘက်မှာသာ စိုက်ပျိုးထွက်ရှိတာဖြစ်ပြီး လက်ရှိမှာပဲတွေ စတင်ခူးဆွတ်နေပြီဖြစ်တာကြောင့် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံတွေက ဈေးကိုမြင့်တက်ဝယ်ယူလာကြတာဖြစ်တယ်လို့ သိရပါတယ်။

“အခုပဲတွေစခူးနေကြပြီ။အခုစပြီးခူးတဲ့ပဲတီစိမ်းက အရည်အသွေးပိုကောင်းပြီး အလုံးကြီးတွေဆိုတော့ တရုတ်ကပိုကြိုက်တယ်။ ခရမ်းရွှေဝါပဲတီစိမ်းက ရန်ကုန်မှာပဲထွက်တယ်။အဓိကမြေကွာတာပေါ့။ ဒီပဲမျိုးကိုတခြားနေရာမှာစိုက်လို့ရပေမဲ့ ရန်ကုန်မှာ စိုက်တာလောက် အရည်အသွေးမကောင်းသလို ဈေးမရဘူး” လို့ ခရမ်းမြို့နယ်မှ ပဲတီစိမ်းစိုက်တောင်သူတစ်ဦးကပြောပါတယ်။

ရန်ကုန်ဈေးကွက်မှာ ပဲတီစိမ်းခရမ်းရွှေဝါဈေးတန်းမြင့်နေတဲ့အပြင် ဝယ်လိုအားလည်းကောင်းတာကြောင့် တောင်သူတွေက ခူးဆွတ်ချွေလှေ့ပြီး ပဲတွေကို သိုလှောင်ထားတာမျိုးမရှိဘဲ ချက်ခြင်းရောင်းချနေကြတယ်လို့သိရပါတယ်။

“ ဈေးကတစ်သိန်းကျော်နေတော့ မလှောင်တော့ဘူး။ အကုန်ရောင်းမှာ။ နောက်ကျရင် ပဲတီစိမ်းသဘောက ကျတတ်တယ်။ တောင်သူတွေက ဒါကိုသဘောပေါက်နေပြီ” လို့တောင်သူတစ်ဦးကပြောပါတယ်။ပြီးခဲ့တဲ့နှစ် ပဲတီစိမ်းခရမ်းရွှေဝါခူးဆွတ်ချိန်တုန်းကပဲတစ်တင်းကို ၈၂,၀၀၀ ဝန်းကျင်သာရှိပြီးယခုနှစ်မှာတော့ တစ်တင်းကို ၁၁၃,၀၀၀ ကျပ်အထိ ဈေးဖွင့်ဝယ်ယူလာတာကြောင့် ယခင်နှစ်နဲ့ ယှဉ်ရင်တစ်တင်းကို ၂၀,၀၀၀ ကျပ်လောက် မြင့်တက်လာတာဖြစ်ပါတယ်။ ပဲတီစိမ်းဈေးမြင့်တက်လာမှုနဲ့အတူ စိုက်ပျိုးချိန်ကနေ ရိတ်သိမ်းချွေလှေ့ချိန်အထိကုန်ကျစရိတ်ကလည်းအရင်နှစ်ကထက် ၄ သိန်းလောက်တက်လာတာကြောင့် ပဲတီစိမ်းတစ်တင်း ၁၁၃,၀၀၀ ကျပ်ဆိုတဲ့နှုန်းက နည်းနေသေးတယ်လို့ တောင်သူတွေကပြောပါတယ်။

ရန်ကုန်တိုင်းဒေသကြီးထဲ စိုက်ပျိုးတဲ့ ပဲတီစိမ်းရွှေဝါက အရည်အသွေးကောင်းပြီးအရောင်လှတာကြောင့် ပြည်တွင်းမှာ စိုက်ပျိုးတဲ့ ပဲတီစိမ်းမျိုးတွေထက် ဈေးတန်းအမြင့်ဆုံးနဲ့ ပဲအသစ်တွေ စတင်ပေါ်ချိန်မှာ ဈေးကွက်ဝယ်လိုအားကောင်းဆုံးဖြစ်တယ်လို့သိရပါတယ်။

**Source : (AMIA)**

**Myanma Awba**

## ဧည့်မထဆန်(ဟောင်း) ဈေးကျ၍ ဧည့်မထဆန်(သစ်)၊ ပေါ်ဆန်းမွှေးဆန်၊ ဆန်ကွဲနှင့်ဖွဲနုဈေးများ မြင့်တက်လျက်ရှိ

ပဲခူးတိုင်းဒေသကြီးအနေဖြင့် ဆန်မျိုးစုံရောင်းဝယ်မှုအပိုင်းကဏ္ဍတွင် ကုန်ကြမ်းအနည်းအများ၊ ရန်ကုန်ဝယ်လက်နှင့် သုံးစွဲသူတို့၏ ဝယ်လိုအားအနည်းအများအပေါ်တွင်မူတည်၍ဆန်နှင့်ဆန်ကွဲဖွဲနုဈေးများအတက်အကျ ဖြစ်ပေါ်လျက်ရှိပါသည်။

ပဲခူးကုန်စည်ဒိုင်အနေဖြင့်ဆန်မျိုးစုံအရောင်းအဝယ်ဖြစ်လျက်ရှိရာ ၇.၂.၂၀၂၅ ရက်နေ့တွင် ဧည့်မထဆန်(မနေသုခ) (ဟောင်း) တစ်အိတ် ၈၅,၀၀၀ကျပ်၊ ဧည့်မထဆန်(မနေသုခ)(သစ်)တစ်အိတ် ၆၅,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်တစ်အိတ် ၁၁၅,၀၀၀ကျပ်၊ ဆန်ကွဲ B(1,2) တစ်အိတ် ၄၇,၀၀၀ ကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ် ၄၂,၀၀၀ကျပ်နှင့် ဖွဲနုတစ်အိတ် ၁၈,၈၀၀ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။

၁၄.၂.၂၀၂၅ ရက်နေ့တွင် ဧည့်မထဆန်(မနေသုခ)(ဟောင်း)တစ်အိတ် ၈၀,၀၀၀ကျပ်၊ ဧည့်မထဆန်(မနေသုခ) (သစ်) တစ်အိတ် ၇၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်(ဟောင်း) တစ်အိတ် ၁၃၀,၀၀၀ကျပ်၊ ပေါ်ဆန်းမွှေးဆန်(သစ်)တစ်အိတ် ၁၁၀,၀၀၀ ကျပ်၊ ဆန်ကွဲB(1,2)တစ်အိတ် ၅၀,၀၀၀ ကျပ်၊ ဆန်ကွဲB(2,3,4)တစ်အိတ် ၄၃,၀၀၀ကျပ် နှင့် ဖွဲနုတစ်အိတ် ၂၁,၀၀၀ ကျပ်တို့ဖြင့် အရောင်းအဝယ်ဖြစ်လျက်ရှိပါသည်။ယခုတစ်ပတ်ကာလတူနှိုင်းယှဉ်ချက်အရ ဧည့်မထဆန် (မနေသုခ) (ဟောင်း) တစ်အိတ် ၅၀၀၀ ကျပ်ဈေးကျ၍ ဧည့်မထဆန်(မနေသုခ)(သစ်)တစ်အိတ် ၅၀၀၀ ကျပ် ၊ ပေါ်ဆန်းမွှေး ဆန်တစ်အိတ် ၁၅,၀၀၀ ကျပ်၊

ဆန်ကွဲ B(1,2) တစ်အိတ် ၃၀၀၀ကျပ်၊ဆန်ကွဲB(2,3,4)တစ်အိတ် ၁၀၀၀ ကျပ် ဖွဲနုတစ်အိတ် ၁၂၀၀ ကျပ် ဈေးတက်လျက်ရှိပါသည်။ ဧည့်မထဆန် (မနောသုခ)(ဟောင်း) ဈေးကျသွားခြင်းမှာ ကုန်ကြမ်းများပြားလျက်ရှိပြီး ဝယ်လိုအားနည်းခြင်းကြောင့် ဈေးကျ ဆင်းသွားခြင်းဖြစ်ပြီး ဧည့်မထဆန် (မနောသုခ)(သစ်)၊ ပေါ်ဆန်းမွှေးဆန်၊ ဆန်ကွဲနှင့် ဖွဲနုဈေးများ မြင့်တက်သွားခြင်းမှာ အဝယ် လိုက်လာခြင်းတို့ကြောင့်ဖြစ်ပါကြောင်း ပဲခူးကုန်စည်ဒိုင်ဥက္ကဋ္ဌထံက သိရသည်။

**Source : ပဲခူးတိုင်းဒေသကြီးဦးစီးမှူးရုံး**

https://myantrade.gov.mm/

## ဆီးချဉ်သီးနှင့်ဆီးဝတ်ဆံများဈေးကောင်းရ

ဆီးချဉ်သီးနှင့် ဆီးချိုသီးနှစ်မျိုးစလုံးကို မန္တလေးတိုင်းဒေသကြီးအတွင်းတွင် စိုက်ပျိုးကြသည်။ ဆီးချိုသီးပင်ကို စီးပွားဖြစ်သီးသန့်စိုက်ပျိုးကြပြီး ဆီးချဉ်သီးမှာအများအားဖြင့် အလေ့ကျပေါက်ရောက်၍ အချို့ဒေသများတွင် အရိပ်ရအပင်အဖြစ်အနည်းငယ်စိုက်ပျိုးမှုရှိသည်။ မန္တလေးတိုင်းဒေသကြီးအတွင်းတွင် ကျောက်ဆည်၊ စဉ့်ကိုင်၊ မြစ်သား၊ တံတားဦး၊ မြင်းခြံ မြို့နယ်များမှ ဆီးချဉ်ပင် အများဆုံးထွက်ရှိသည်။ ယင်းဒေသများတွင် ဆီးချိုသီးကိုလည်း စိုက်ပျိုးကြောင်း သိရသည်။

ဆီးချဉ်သီးကို ဈေးကွက်တွင် အစိုနှင့်အခြောက်ခွဲခြားရောင်းဝယ်ကြပြီး ၊ အခြောက်ကို ဆီးသီးတန်ဖိုးမြှင့်ထုတ်ကုန်အဖြစ်အသုံးပြုသည့် ပြည်တွင်းလုပ်ငန်းရှင်များမှ ဝယ်ယူမှုရှိသည်။ ဆီးဝတ်ဆံများကိုလည်း ဆီးချဉ်သီးမှ ထုတ်လုပ်၍ ပြည်ပသို့တင်ပို့ရောင်းချကာ၊ ဆီးခွဲခြမ်းတွေကို လောင်စာအဖြစ်ရောင်းချကြကြောင်းသိရသည်။ ဆီးဝတ်ဆံကို ရေနံချောင်း၊ ချောက်၊ မလှိုင်၊ တောင်သာနှင့်မိတ္ထီလာစသည့် မြို့များတွင် အများဆုံးကြိတ်ခွဲထုတ်လုပ်ကြကြောင်း၊ ဆီးချဉ်သီးသည် နှစ်စဉ် နွေရာသီတွင် စတင်ထွက်ပေါ်လေ့ရှိပြီး တစ်နှစ်တစ်ခါသာထွက်ပေါ်သည့် သီးနှံဖြစ်သည်။

ယခုဖေဖော်ဝါရီဒုတိယပတ်တွင် ဆီးချဉ်သီးအခြောက်တစ်တင်းလျှင် ၁၁,၀၀၀ ကျပ် မှ ၁၂,၀၀၀ ကျပ် ဖြစ်ပြီး ယခင်နှစ်က ၉၀၀၀ ကျပ်မှ ၁၀,၀၀၀ ကျပ်ဖြစ်ခဲ့သည်။ ဆီးဝတ်ဆံ ယခုဈေးတစ်ပိဿာလျှင် ၆၀,၀၀၀ ကျပ် မှ ၆၂,၀၀၀ ကျပ်ဖြစ်ပြီး ယခင်နှစ်က ငွေကျပ် ၅၅,၀၀၀-၅၇,၀၀၀ ထိဖြစ်ခဲ့ကြောင်း ကျောက်ပန်းတောင်းဈေးကွက်မှသိရသည်။ ဆီးဝတ်ဆံကို တရုတ်နိုင်ငံမှ တိုင်းရင်းဆေးထုတ်လုပ်ရန် အများဆုံးဝယ်ယူမှုရှိပြီး၊ပြည်တွင်းတိုင်းရင်းဆေးလုပ်ငန်းများမှလည်းဝယ်ယူမှုရှိကြောင်း သိရသည်။

Source : https://myantrade.gov.mm/

## ဇလွန်မြို့နယ် နန်းတော်ကျွန်းကျေးရွာအုပ်စု၌ စိုက်ပျိုးထားသော ဆောင်းနေကြာစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိ



ဧရာဝတီတိုင်းဒေသကြီးဇလွန်မြို့နယ် နန်းတော်ကျွန်းကျေးရွာအုပ်စု၌ ဆောင်းနေကြာစိုက်ဧကပေါင်း ၁၀၀ ကျော် စိုက်ပျိုးထားရာရေမြေသဘာဝနှင့် ကိုက်ညီသောကြောင့် စိုက်ခင်းများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဇလွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက သိရသည်။

ဆောင်းနေကြာကို ဒေသတွင်းစားသုံးဆီ ဖူလုံရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုစေရန် ရည်ရွယ်စိုက်ပျိုးခြင်းဖြစ်ပြီး ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် Supersun 41 နေကြာအထွက်နှုန်းကောင်း မျိုးများကို စိုက်ပျိုးထားကြောင်း သိရသည်။

ဇလွန်မြို့နယ်အတွင်း နေကြာစိုက်ဧကပေါင်း ၂၃,၀၀၀ ကျော်စိုက်ပျိုးလျက်ရှိသည့်အနက် နန်းတော်ကျွန်းကျေးရွာအုပ်စု၌ ဧကပေါင်း ၁၀၀ ကျော်စိုက်ပျိုးထားကြောင်း၊ အဆိုပါကျေးရွာအုပ်စု၌ နုန်းတင်မြေနုလွင်ပြင်များရှိပြီး ရေမြေသဘာဝအားဖြင့် နေကြာများ အောင်မြင်ဖြစ်ထွန်းကြောင်း သိရသည်။

နှစ်စဉ် ပြည်ပမှစားအုန်းဆီများဝယ်ယူတင်သွင်းနေရခြင်းကြောင့် နိုင်ငံ၏စီးပွားရေးတိုးတက်မှုကို ထိခိုက်လျက်ရှိသဖြင့် နိုင်ငံအတွင်း ဆီထွက်သီးနှံများ ပိုမိုအောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်ရန် လိုအပ်သောကြောင့် နိုင်ငံတော်မှ သတ်မှတ်ထားသည့် ပန်းတိုင်အထွက်နှုန်းရရှိရေးကို ပြည့်မီအောင်စိုက်ပျိုးခြင်းဖြင့် ပြည်တွင်းစားသုံးဆီဖူလုံမှုကို အကျိုးပြုစေမည့်အပြင် ပြည်ပသို့လည်း ပြန်လည်တင်ပို့နိုင်မည်ဖြစ်သည်။

အဆိုပါ နန်းတော်ကျွန်းကျေးရွာအုပ်စု၌နေကြာစိုက်ပျိုးခြင်းနှင့်အတူ ပျားမွေးမြူရေးလုပ်ငန်းများကိုလည်း တွဲဖက်လုပ်ကိုင်လျက်ရှိရာနေကြာစိုက်ပျိုးရေးနှင့်ပျားမွေးမြူရေးလုပ်ငန်းများကြားအပြန်အလှန်အကျိုးပြုကာ နေကြာစိုက်တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

Source : https://myawady.net.mm/

## အီသီယိုးပီးယားသည် ၆ လအတွင်း ရွှေတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၃၆ ဘီလီယံ ရရှိ



အီသီယိုးပီးယားနိုင်ငံသည် လွန်ခဲ့သည့်ခြောက်လအတွင်း ရွှေတင်ပို့မှုမှ ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ၃၆ ဘီလီယံ ရရှိခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။ ဇူလိုင်လ ၈ ရက်နေ့တွင် စတင်ခဲ့သော လက်ရှိအီသီယိုးပီးယား ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ပထမနှစ်ဝက်အတွင်း အံ့အားသင့်ဖွယ် ပို့ကုန်စွမ်းဆောင်ရည်ကို ပြောကြားရာတွင် အီသီယိုးပီးယား၏ကုန်သွယ်ရေးနှင့်ဒေသဆိုင်ရာပေါင်းစည်းရေးဝန်ကြီး Kassahun Gofe က နိုင်ငံသည် ရွှေအပါအဝင်အဓိကပို့ကုန်များတွင် အားကောင်းသည့်စွမ်းဆောင်ရည်ကို တွေ့မြင်ခဲ့ရကြောင်း ဇန်နဝါရီလ ၂၄ ရက်နေ့တွင် ပြောကြားခဲ့သည်။

ဝန်ကြီး၏အဆိုအရ လွန်ခဲ့သည့်ခြောက်လတာကာလအတွင်းနိုင်ငံသည် ပို့ကုန်ဝင်ငွေ ဒေါ်လာ ၃ ဒသမ ၂၈ ဘီလီယံခန့် ရရှိခဲ့ပြီး ယင်းတွင်ရွှေတင်ပို့မှုသည် စုစုပေါင်းပို့ကုန်ဝင်ငွေ၏အကြီးဆုံးဝေစုကိုရယူနိုင်ခဲ့ပြီး အစီရင်ခံကာလအတွင်းကန်ဒေါ်လာ ၁ ဒသမ၃၆ ဘီလီယံအထိ ရရှိခဲ့သည်။

အီသီယိုးပီးယား၏ပို့ကုန်ဝင်ငွေသည် ကနဦးပစ်မှတ်၏ ၁၄၅ ရာခိုင်နှုန်းခန့်အောင်မြင်ခဲ့ကြောင်းဝန်ကြီးဌာနမှ အချက်အလက်များကိုလည်း အကြံပြုထားသည်။ ကော်ဖီသည် နိုင်ငံအတွက် အဓိကပို့ကုန်တစ်ခုဖြစ်ပြီး အီသီယိုးပီးယားကော်ဖီနှင့်လက်ဖက်အာဏာပိုင်အဖွဲ့၏ မကြာသေးမီက အချက်အလက်များအရ နိုင်ငံသည် လွန်ခဲ့သည့်ခြောက်လအတွင်း ကော်ဖီတင်ပို့မှုမှဝင်ငွေ ဒေါ်လာ ၉၀၈ သန်းရရှိခဲ့ပြီး နိုင်ငံတကာဈေးကွက်သို့ ကော်ဖီတန်ချိန် ၂၀၀,၀၀၀ ကျော် တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေး၊ ကုန်ထုတ်လုပ်ငန်း၊ သတ္တုတူးဖော်ရေးနှင့် အခြားအဓိကစီးပွားရေးကဏ္ဍ များနှင့်ပက်သက်၍လည်း အီသီယိုးပီးယားအစိုးရသည် ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် လက်ရှိဘဏ္ဍာနှစ်အတွက် စီးပွားရေးတိုးတက်မှုနှုန်း ၈ ဒသမ၄ ရာခိုင်နှုန်း ရည်မှန်းချက်ကို ထုတ်ပြန်ကြေညာ ခဲ့သည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## ငွေကြေးဖောင်းပွမှုဖြစ်ပေါ်လာမည်ကို အမေရိကန်နိုင်ငံသားများ စိုးရိမ်လျက်ရှိ

အမေရိကန်နိုင်ငံ၊ မီချီဂန်တက္ကသိုလ်၏ လေ့လာမှုအရ စားသုံးသူများ၏စိတ်နေသဘောထား အညွှန်းကိန်း (Consumer–sentiment index)သည် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလကုန်ပိုင်းတွင် ၇၁ ဒသမ ၁ ရှိခဲ့ရာမှ ဖေဖော်ဝါရီလလယ်ပိုင်းတွင် ၆၇ ဒသမ ၈ သို့ ကျဆင်းခဲ့သည်ဟု ၇-၂-၂၀၂၅ ရက်တွင် ယင်းတက္ကသိုလ်၏ထုတ်ပြန်ချက်အရ သိရသည်။ ယင်းအညွှန်းကိန်းကျဆင်းခြင်းသည် သွင်းကုန်ခွန်မူဝါဒ၏ ထိခိုက်မှုများကိုရှောင်ရှားရန် အလွန်နောက်ကျနေသည်ဟုယူဆချက်ကြောင့်ဖြစ်သည်ဟု စားသုံးသူ

များ၏ စိတ်နေသဘောထားအညွှန်းကိန်းသုတေသနညွှန်ကြားရေးမှူးက ပြောကြားခဲ့သည်။

အမေရိကန်သမ္မတက ကနေဒါ၊ မက္ကဆီကိုနှင့်တရုတ်နိုင်ငံတို့မှ ကုန်ပစ္စည်းများအပေါ် သွင်းကုန်ခွန်ကောက်ခံရန် အမိန့်ထုတ်ပြန်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံ၏ သွင်းကုန်လုပ်ငန်းရှင်များသည် သွင်းကုန်ခွန်စရိတ်ကို အမေရိကန်စားသုံးသူများအပေါ်လွှဲ ပြောင်းပေးနိုင်သည်ဟု စီးပွားရေးပညာရှင်များက သတိပေးခဲ့ကြကြောင်း၊ ၂၀၂၂ ခုနှစ် နှစ်လယ်ပိုင်းတွင် အမြင့်ဆုံးသို့ ရောက်ရှိခဲ့သည့် ငွေကြေးဖောင်းပွမှုသည် ၂၀၂၄ ခုနှစ် နှစ်ကုန်ပိုင်းတွင် ၂ ဒသမ ၉ ရာခိုင်နှုန်းသို့ ရောက်ရှိသော်လည်း ဗဟို ဘဏ်၏ သတ်မှတ်စံနှုန်းထက်မြင့်တက်နေခဲ့ရာ ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလတွင် ဗဟိုဘဏ်သည် အတိုးနှုန်းလျှော့ချရန် ဆိုင်းငံ့ခဲ့ကြောင်း၊ လက်ရှိတွင် စားသုံးသူများသည်ငွေကြေးဖောင်းပွလာမည်ဟုယူဆလျက်ရှိပြီးယင်းသို့ယူဆချက်သည် တစ်နှစ်အတွင်း အမြင့်ဆုံးသို့ ရောက်ရှိခဲ့ကြောင်း သိရသည်။

**Source : စီးပွားရေးသံမှူး၊ ဝါရှင်တန်ဒီစီ**

https://myantrade.gov.mm/article/

## အာဖဂန်နစ္စတန်နိုင်ငံသည် ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၂၀ တန်ဖိုးရှိသော ဆေးဖက်ဝင်အပင်များ တင်ပို့ခဲ့



အာဖဂန်နစ္စတန်နိုင်ငံမှ ၂၀၂၄ ခုနှစ်တွင် အမေရိကန်ဒေါ်လာသန်း ၂၀ တန်ကြေးရှိ ဆေးဖက်ဝင်အပင်များအား တင်ပို့ခဲ့ကြောင်း စက်မှုနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက သတင်းထုတ်ပြန်ခဲ့သည်။ အာရပ်စော်ဘွားများပြည်ထောင်စု၊ တရုတ်၊ အိန္ဒိယ၊ ပါကစ္စတန်၊ တူရကီ၊ အီရန်၊ ကာဂျစ္စတန်၊ ယူကရိန်း၊ အမေရိကန်၊ ကနေဒါနှင့်အခြားနိုင်ငံများအပါအဝင် အာဖဂန်နစ္စတန်၏ ကုန်သွယ်မှုမိတ်ဖက်နိုင်ငံများသို့ တင်ပို့ခဲ့သည်ဟု ဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ AkhundZanda Abidul Salam Jawad က ဖေဖော်ဝါရီ ၉ ရက်နေ့က ပြောကြားခဲ့ကြောင်း ပြည်တွင်းမီဒီယာ TOLOnews ကပြောကြားခဲ့သည်။

စုစုပေါင်း တန်ချိန် ၁၅,၂၀၀ ရှိသော တင်ပို့သည့်အပင်များတွင် ပန်းခိုတောင်၊ Glycyrrhiza glabra၊ Caraway နှင့် Nigella Sativa တို့ ပါဝင်သည်။ ၂၀၂၄ ခုနှစ်တွင် အာဖဂန်နစ္စတန်၏ စုစုပေါင်းကုန်သွယ်မှုပမာဏသည် အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံကျော်ရှိခဲ့ပြီး ယခင်နှစ်ကထက် ၃၈ ရာခိုင်နှုန်းတိုးမြင့်လာကြောင်းပြသပြီး ပို့ကုန် ၄ ရာခိုင်နှုန်းကျဆင်းသွားကြောင်း ဝန်ကြီးဌာန၏ တရားဝင်အချက်အလက်များအရ သိရသည်။

**Source : DOCA(ရန်ကုန်)**

https://www.doca.gov.mm/

## STOCK EXCHANGE (14.2..2025)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 14th Feb. 2025

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,838 (Shares) | 9,225,000 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 7,500 | +0 | +0.00% | 7,500 | 7,500 | 7,500 | 299 | 2,242,500 | 33,109,694 | 248,323 |
| MTSH | 00002 | 2,950 | +0 | +0.00% | 2,900 | 2,950 | 2,900 | 796 | 2,313,700 | 38,929,150 | 114,841 |
| MCB | 00003 | 8,000 | +0 | +0.00% | 8,000 | 8,000 | 8,000 | 4 | 32,000 | 10,400,986 | 83,208 |
| FPB | 00004 | 1,800 | +0 | +0.00% | 1,800 | 1,800 | 1,800 | 23 | 41,400 | 29,664,613 | 53,396 |
| TMH | 00005 | 3,000 | +100 | +3.45% | 2,850 | 3,000 | 2,850 | 78 | 229,800 | 12,823,224 | 38,470 |
| EFR | 00006 | 1,650 | +0 | +0.00% | 1,600 | 1,650 | 1,600 | 801 | 1,296,650 | 19,977,223 | 32,962 |
| AMATA | 00007 | 4,000 | -100 | -2.44% | 3,950 | 4,000 | 3,950 | 510 | 2,015,000 | 10,497,598 | 41,990 |
| MAEX | 00008 | 3,250 | +50 | +1.56% | 3,200 | 3,250 | 3,200 | 327 | 1,053,950 | 23,804,946 | 77,366 |

YANGON
STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre Listing Board (PLB)

Home > Main Board > Market Data > Market summary


## Market summary

As of 14th Feb. 2025

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 366.11 | +0.75 | +0.21% | 363.46 | 366.11 | 363.25 | 2,838 | 9,225,000 | 8 | 690,556 |

### Index chart




## Market Overview

## Grand Total Trading [Total trading (MB) + Total trading (PLB)]

As of 1:00 pm, 14th Feb. 2025

| Trading Volume | Trading Value |
|---|---|
| 2,838 (Shares) | 9,225,000 (MMK) |

## Main Board

As of 1:00 pm, 14th Feb. 2025

### Total Trading (MB) [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 2,838 (Shares) | 9,225,000 (MMK) |

| MYANPIX | 366.11 ▲ 0.75 |
|---|---|
| Total Volume (shares) | 2,838 |
| Total Value (MMK) | 9 mil |
| Listed Company | 8 |
| Market Cap. (MMK) | 690,556 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 7,500 | ▲ 0 |
| MTSH | 00002 | 2,950 | ▲ 0 |
| MCB | 00003 | 8,000 | ▲ 0 |
| FPB | 00004 | 1,800 | ▲ 0 |
| TMH | 00005 | 3,000 | ▲ 100 |
| EFR | 00006 | 1,650 | ▲ 0 |
| AMATA | 00007 | 4,000 | ▼ 100 |
| MAEX | 00008 | 3,250 | ▲ 50 |